( င ) **ကန့်သတ်မှုမရှိသောတင်ဒါ (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း) (Open Tendering)** ဆိုသည်မှာ တင်ဒါစာရွက်စာတမ်းပါ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မည်သူမဆို တင်သွင်းနိုင်သည့်တင်ဒါ နည်းလမ်းကိုဆိုသည်၊

( စ ) **ကန့်သတ်တင်ဒါခေါ်ယူခြင်း (Limited Tendering)** ဆိုသည်မှာ ကန့်သတ် တင်ဒါခေါ်ယူခြင်း ဆောင်ရွက်ရာ၌ သတင်းစာများ၊ ဝက်ဘ်ဆိုက်များမှတစ်ဆင့် အများပြည်သူသို့ ကြော်ငြာခြင်းမရှိဘဲ ဒေသဆိုင်ရာနှင့် ဈေးကွက်သတင်းအချက်အလက်များအရ တင်ဒါဗဟိုကော်မတီအနေဖြင့် ယုံကြည် စိတ်ချရပြီး အတွေ့အကြုံရှိသည့် တင်ဒါယှဉ်ပြိုင်သူ (၂) ဦးအောက်မနည်းသော အရေအတွက် ကန့်သတ်ပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေသည့်တင်ဒါနည်းလမ်းကိုဆိုသည်၊

(ဆ) **တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း (Direct Contracting)** ဆိုသည်မှာ တင်ဒါအဆိုပြုလွှာကို အများပြည်သူသို့ ကြော်ငြာခြင်းမပြုဘဲ တည်ဆောက်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ အလားတူ လုပ်ငန်းတွင် အတွေ့အကြုံရှိပြီး အမည်ဂုဏ်သတင်းကောင်းမွန်သည့် လုပ်ငန်းရှင်နှင့်သာ တိုက်ရိုက် ဆက်သွယ်၍ ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းကို ဆိုသည်၊

( ဇ ) **အရည်အသွေးစစ်ဆေးရေးအဖွဲ့ (Quality Control Team – QC Team)** ဆိုသည်မှာ ဆောက်လုပ်ရေး လုပ်ငန်းများအား ဒီဇိုင်းပုံစံများနှင့်အညီ ဆောင်ရွက်ခြင်း၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ တို့ကို စစ်ဆေးရန် အခွင့်အာဏာရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်၊

(ဈ) **အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့ (Consultant)** ဆိုသည်မှာ နည်းပညာဆိုင်ရာ အတိုင်ပင်ခံ၊ အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ရန် လုပ်ငန်းပိုင်ရှင်နှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်၊

(ည) **တတိယအဖွဲ့အစည်း (Third Party)** ဆိုသည်မှာ လုပ်ငန်းအပ်နှံသည့် အစိုးရဌာန၊ တည်ဆောက်မည့် ကန်ထရိုက်တာ၊ အကြံပေးပညာရှင်၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာအခွင့်အာဏာ ရှိသောအဖွဲ့တို့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိသည့် တည်ဆောက်ရေးဆိုင်ရာ လွတ်လပ်သော ပညာရှင်များ (Independent Professionals) နှင့် ဖွဲ့စည်းထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိသော စစ်ဆေးရေးအဖွဲ့ကိုဆိုသည်၊

(ဋ) **ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study)** ဆိုသည်မှာ အောက်ပါ အချက်များပါဝင်သော လေ့လာမှုကို ဆိုသည်-

(၁) နည်းပညာဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Technical Feasibility)၊

(၂) ဘဏ္ဍာရေးဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Financial Feasibility) နှင့် စီးပွားရေးဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Economic Feasibility)၊

(၃) ဥပဒေနှင့်ကျင့်ဝတ်တို့အရ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Legal and Ethic Feasibility)၊

(၄) အရင်းအမြစ်များဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Resources Feasibility)။

(ဌ) **တင်ဒါကာလ** ဆိုသည်မှာ တင်ဒါကြော်ငြာသည့်ရက်မှ တင်ဒါအောင်မြင်သူအား ကြေညာပြီးသည် အထိ ကြာမြင့်မည့်အချိန်ကာလကို ဆိုသည်၊

(ဍ) **နာမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်း** ဆိုသည်မှာ တင်ဒါဝင်ရောက် ယှဉ်ပြိုင်ရာတွင် တင်ဒါဆိုင်ရာအချက်အလက်များကို မမှန်မကန်တင်ပြခြင်းကြောင့်လည်းကောင်း၊ တင်ဒါအောင်မြင်ရေး အတွက် မသမာသောနည်းလမ်းဖြင့် ကြိုးပမ်းအားထုတ်ခြင်းကြောင့်လည်းကောင်း၊ တင်ဒါစာချုပ်ပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့်လည်းကောင်း အဆိုပါကုမ္ပဏီ၊ လူပုဂ္ဂိုလ်ကို တင်ဒါဗဟိုကော်မတီက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြပြီး ကာလ အကန့်အသတ်ဖြင့် အစိုးရတင်ဒါလုပ်ငန်းများတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့် မပြုစေခြင်းကိုဆိုသည်။

## အခန်း(၄)

## တည်ဆောက်ရေးလုပ်ငန်းအတွက် ဘဏ္ဍာရန်ပုံငွေ (Budget) တောင်းခံခြင်း

### ဘဏ္ဍာရန်ပုံငွေတောင်းခံရာတွင် ပါဝင်ရမည့်အချက်များ

၆။ တည်ဆောက်ရေးလုပ်ငန်းအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ဘဏ္ဍာရန်ပုံငွေ တောင်းခံရာ၌ အောက်ပါအချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) သက်ဆိုင်ရာ မြေစာရင်းဌာန သို့မဟုတ် သက်ဆိုင်ရာမြေကို မြေစီမံခန့်ခွဲခွင့်ရှိသည့် ဌာန၏ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသောမြေပုံ၊ မြေရာဇဝင် သို့မဟုတ် မြေပိုင်ဆိုင်ကြောင်း အထောက်အထား သို့မဟုတ် သက်ဆိုင်ရာဌာနအနေဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း အထောက်အထားများ၊ သက်ဆိုင်ရာအစိုးရဌာနများက လွှဲပြောင်းပေးထားသည့် အထောက်အထားများ၊ ပူးတွဲတင်ပြထားသည့် အဆောက်အဦဆောက်လုပ်မည့်မြေတည်နေရာ၊ အကျယ်အဝန်းနှင့် ပိုင်ဆိုင်မှုအခြေအနေ၊

(ခ) သက်ဆိုင်ရာဌာနက မြေယာပိုင်ဆိုင်ခြင်းမရှိသေး၍ မြေသိမ်းဆည်းရမည့် အခြေအနေဖြစ်ပါက မြေအမျိုးအစား၊ ဥပဒေနှင့်အညီ သိမ်းဆည်းပြီးခြင်း ရှိ မရှိ၊ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး၊ ပေးလျော်ပြီးခြင်း၊ အမှုတွဲပြီးဆုံးခြင်း ရှိ မရှိနှင့် ဒေသန္တရအာဏာပိုင်၏သဘောထားမှတ်ချက်၊

(ဂ) ဆောက်လုပ်မည့်မြေပေါ်တွင် အဆောက်အဦဟောင်းများ ရှိ မရှိ၊ ရှိပါက အဆောက်အဦဟောင်း ဖျက်ရန်နှင့် ပြန်လည်အသုံးပြုနိုင်သည့် အစိတ်အပိုင်းနှင့် ဖျက်သိမ်းရေးအတွက် တင်ဒါခေါ်ယူ ရောင်းချရန် လို မလို၊

(ဃ) တည်ဆောက်မည့်အဆောက်အဦနှင့် မြေ၏အနေအထားကို ကျွမ်းကျင်မှုဆိုင်ရာ ထင်မြင်ယူဆချက်၊ (လိုအပ်ပါကဖော်ပြရန်)

(င) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လိုသည့် အကြောင်းအရင်းနှင့် အကျိုးကျေးဇူး၊

(စ) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် အရေးတကြီးလိုအပ်ချက်နှင့် ဦးစားပေးအဆင့်အတန်း၊

(ဆ) လုပ်ငန်းပမာဏကြီးမားသော စီမံကိန်းကြီးများအတွက် အကြိုအင်ဂျင်နီယာ လုပ်ငန်းမတိုင်မီ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ကို ဆောင်ရွက်၍ အောက်ပါအချက်အလက်များ ပါဝင်သည့်အစီရင်ခံစာ–

(၁) ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ လေ့လာမှု (Feasibility Study) ကို ဆောင်ရွက်ရာတွင် ကျေးရွာများ ဖယ်ရှားရခြင်း၊ လယ်/ယာမြေများ သိမ်းယူရခြင်းများရှိပါက လူမှုစီးပွားဘဝတာဝန်ယူမှု (Corporate Social Responsibility)၊ လူမှုစီးပွားဘဝထိခိုက်မှု (Social Impact Assessment) ရှိ မရှိ၊ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှု(Environmental Impact Assessment) ရှိ မရှိ၊ ကျန်းမာရေး ထိခိုက်မှု (Health Impact Assessment) ရှိ မရှိ၊ လိုအပ်ပါက ရာသီဥတုနှင့်သဘာဝဘေး အန္တရာယ်လျော့ချရေး Climatological and Disaster Risk Reduction (DRR)၊ Climate Change Adaption (CCA) ဆိုင်ရာဆက်စပ်အချက်အလက်များ၊ ဆန်းစစ်မှုအစီရင်ခံစာများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ ကျွမ်းကျင်စွာမှတ်ချက်ပြုနိုင်သော အဖွဲ့အစည်း၏ သဘောထားမှတ်ချက်၊

(၂) စီမံကိန်းကြီးတွင်ပါဝင်သည့် တည်ဆောက်ရေးလုပ်ငန်းရပ်အသီးသီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ် များနှင့် တည်ဆောက်ပြီးစီးပါက နိုင်ငံတော်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ပတ်ဝန်းကျင်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ တိုးတက်လာ နိုင်သည့်အခြေအနေ၊ ဒေသခံတိုင်းရင်းသားလူမျိုးများအား ပြည့်စုံ တိကျစွာအသိပေး၍ ညှိနှိုင်း ဆောင်ရွက်မှုအခြေအနေ၊ ကုန်ထုတ်လုပ်မှု စွမ်းအားမြင့်မားနိုင်ခြေ ရှိ မရှိ အပါအဝင် ဖြစ်ပေါ် လာမည့် အကျိုးရလဒ်များ။

**ပုံစံဒီဇိုင်းအသစ်ရေးဆွဲရန်နှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ရန်တို့အတွက် ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်း**

၇။ ပုံစံဒီဇိုင်းအသစ်ရေးဆွဲရန်နှင့် အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ဘဏ္ဍာ ရန်ပုံငွေကို တည်ဆောက်ရေးလုပ်ငန်း မစတင်မီ တစ်နှစ်ကြိုတင်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာနသို့ အောက်ပါအချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍တောင်းခံရမည်–

(က) နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသောလုပ်ငန်းပမာဏကြီးမားသည့် စီမံကိန်းများဖြစ်ပါက အကြိုအင်ဂျင်နီယာလုပ်ငန်းမတိုင်မီ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု (Feasibility Study) ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျမည့်ငွေပမာဏ၊

(ခ) မဟာဗျူဟာအရ အရေးမပါသော်လည်း နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည် ပြုချက်ရရှိပြီးသော လုပ်ငန်းပမာဏကြီးမားသည့် စီမံကိန်းများဖြစ်ပါက အကြိုအင်ဂျင်နီယာလုပ်ငန်း မတိုင်မီ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျမည့် ငွေပမာဏ၊

(ဂ) အခြေခံအဆောက်အအုံဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းအတွက်ဖြစ်ပါက ယင်းအခြေခံအဆောက်အအုံ အတွက် လိုအပ်သည့်အတိုင်းအတာ၊ စံချိန်စံညွှန်း (Specifications) များနှင့် အကြိုအင်ဂျင်နီယာ

လုပ်ငန်းအတွက် ခန့်မှန်းတန်ဖိုး ပါဝင်ရမည်ဖြစ်ပြီး တည်ဆောက်ရေးခန့်မှန်းကာလနှင့် ဦးစားပေး အဆင့်အတန်းအလိုက် အပိုင်းခွဲခြား၍ သတ်မှတ်ဖော်ပြသည့် တစ်ပိုင်းချင်းအလိုက် တည်ဆောက်မှု ခန့်မှန်းကာလ၊

(ဃ) ဗိသုကာနှင့်ဒီဇိုင်းပုံထုတ်ပုံစံ (Type Plan) ရှိပြီးဖြစ်သော်လည်း မြေဧရိယာ ရရှိမှုအခြေအနေနှင့် မြေအမျိုးအစားအလိုက် ခံနိုင်ရည်မတူ၍ Foundation ပြောင်းလဲခြင်း၊ လမ်းလုပ်ငန်းတွင် လမ်းလွှာ ဒီဇိုင်း (Pavement Design) ပြောင်းလဲခြင်း၊ ပထဝီမြေမျက်နှာသွင်ပြင်မတူညီ၍ Plinth Level ကွာခြားခြင်း၊ မြစ်ချောင်းရေလမ်းကြောင်းပြောင်းလဲမှုကြောင့် ဒီဇိုင်းပုံစံပြောင်းလဲခြင်း၊ သဘာဝ ဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိစေရန်တည်ဆောက်ရခြင်း၊ မြေဖို့ရန် သို့မဟုတ် မြေဖြတ်ရန် လိုအပ်ခြင်း စသည့် မတူညီသောအခြေအနေများကြောင့် ဒီဇိုင်း ပြင်ဆင်၍ ပုံထုတ်ရန်လိုအပ်မှု၊

(င) အခြေခံအဆောက်အအုံတွင် ပါဝင်တည်ဆောက်ရမည့် အဆောက်အအုံအမျိုးအစား တစ်ခုချင်း အလိုက် တည်ဆောက်မည့်ဒီဇိုင်း၊ ပုံစံများသည် ယင်းအဆောက်အအုံတစ်ခုချင်းစီတွင် အသုံးပြုမည့် ရည်ရွယ်ချက်နှင့်အညီ ထည့်သွင်းအသုံးပြုတပ်ဆင်မည့် ပစ္စည်းများနှင့်လျော်ညီအောင် ဒီဇိုင်းကို ရေးဆွဲနိုင်ရန် သတ်မှတ်ချက်များ။ (ဥပမာ-လေဆိပ်အဆောက်အအုံမျိုးဖြစ်ပါက စွမ်းအင်ချွေတာခြင်း (Energy Saving) နှင့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရန် (Environmental Friendly) ဖြစ်စေသည့် ဒီဇိုင်းပုံစံများဖြစ်ရန်၊ အဆောက်အအုံသည် ဆေးရုံဖြစ်ပါက ဆေးရုံတစ်ရုံတွင်ရှိရမည့် ဌာနအသီးသီး၏ ရည်ရွယ်ချက်၊ လိုအပ်ချက်များနှင့်အညီ စက်ကိရိယာများတပ်ဆင်နိုင်မှု အခြေအနေ အရပ်ရပ်အားလုံးနှင့် ကိုက်ညီစေသည့် ဒီဇိုင်းပုံစံမျိုးကို တည်ဆောက်မည့် မြေနေရာအကျယ်အဝန်း၊ ပတ်ဝန်းကျင်အနေအထားနှင့်ကိုက်ညီအောင် သတ်မှတ်ပေးရမည်။)

## တည်ဆောက်ရေးအတွက် ဘဏ္ဍာရန်ပုံငွေတောင်းခံခြင်း

၈။ တည်ဆောက်ရေးအတွက် ဘဏ္ဍာရန်ပုံငွေတောင်းခံရာတွင် အထက်အပိုဒ်(၆)ပါ ဘဏ္ဍာရန်ပုံငွေ တောင်းခံရာတွင် ပါဝင်ရမည့်အချက်များနှင့်အတူ အောက်ပါတို့ကို ပြည့်စုံစွာဖော်ပြရမည်-

(က) တည်ဆောက်မည့်မြေနေရာနှင့် တည်ဆောက်မည့် စီမံကိန်းအဆောက်အဦ အနေအထား လျော်ကန် ညီညွတ်မှု ရှိ မရှိ၊ တည်ဆောက်မည့်ပုံစံ၊ စနစ်နှင့် မြေ၏ ခံနိုင်ရည်စွမ်းအား (Soil Test) စစ်ဆေးမှု အစီရင်ခံစာ၊

(ခ) တည်ဆောက်ရေးလုပ်ငန်းအတွက် သတ်မှတ်ချက် (Specifications) နှင့်အညီ ရေးဆွဲထားသော ပုံစံဒီဇိုင်းများကို သက်ဆိုင်ရာဌာနက အတည်ပြုပြီးဖြစ်ကြောင်း အထောက်အထား၊

(ဂ) တည်ဆောက်မည့် နေရာဒေသနှင့်လျော်ညီသော လုပ်အားခ၊ ကုန်ပစ္စည်း ဈေးနှုန်းနှင့်အညီ တွက်ချက်၍ ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုမိန့်(Technical Sanction) ချမှတ်ပြီးသော စီမံကိန်းခန့်မှန်းတန်ဖိုး၊

(ဃ) ဘဏ္ဍာနှစ်ဆက် ဆောင်ရွက်ရမည့်စီမံကိန်းများအတွက် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း ဆောင်ရွက် ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏနှင့် ကျသင့်မည့် ခန့်မှန်း ဘဏ္ဍာရန်ပုံငွေ၊

(င) ပုံစံတူ (Type Plan) တည်ဆောက်ရေးလုပ်ငန်း သို့မဟုတ် ပုံစံဒီဇိုင်းရှိပြီးသော လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုပြီးနောက် မြေအမျိုးအစား ခံနိုင်ရည် မတူ၍ Foundation ပြောင်းလဲခြင်း၊ ပထဝီမြေမျက်နှာသွင်ပြင်မတူညီ၍ Plinth Level ကွာခြားခြင်း၊ သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိရန် လိုအပ်ခြင်း စသည့် အခြေအနေများကြောင့် ဗိသုကာဒီဇိုင်းပြန်လည်ပြင်ဆင်ရခြင်း မဖြစ်စေရန် တည်ဆောက်မည့်ဒီဇိုင်းသည် တည်ဆောက်မည့်မြေနေရာနှင့် သင့်လျော်သည့် ပုံစံဖြစ်ကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်၏ တိုင်းအဆင့်သက်ဆိုင်ရာဦးစီးဌာန တာဝန်ခံက ဆန်းစစ်ထားပြီးကြောင်း ဖော်ပြချက်၊

(စ) အဆိုပါတည်ဆောက်ရေးလုပ်ငန်းကို သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း ပြီးမြောက်အောင် ဆောင်ရွက် မည်ဖြစ်ကြောင်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ဝန်ခံချက်။

## အခန်း (၅)
## ပုံစံဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းတန်ဖိုး တွက်ချက်ခြင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုချက် (Technical Sanction) ချမှတ်ခြင်း

### ပုံစံဒီဇိုင်းရေးဆွဲခြင်း

၉။ ပုံစံဒီဇိုင်းများရေးဆွဲရာတွင်–

(က) လိုအပ်သောဒီဇိုင်းပုံစံရေးဆွဲရန် တင်ဒါခေါ်ယူဆောင်ရွက်နိုင်သည်၊

( ခ ) ဗိသုကာနှင့်ဒီဇိုင်းပညာရှင်များရှိသည့် အစိုးရဌာနများသို့လည်း လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်သည်။

### ပုံစံဒီဇိုင်းရေးဆွဲရာတွင်လိုက်နာရမည့်အချက်များ

၁၀။ ပုံစံဒီဇိုင်းရေးဆွဲရာတွင် –

(က) ဒီဇိုင်းပုံစံများအတွက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ (Myanmar National Building Code – MNBC) ကို လည်းကောင်း၊ ရေအားလျှပ်စစ် စီမံကိန်းများအတွက် မြန်မာ့ရေအား လျှပ်စစ်စံ (Myanmar Hydropower Standard) ကိုလည်းကောင်း သက်ဆိုင်ရာဒေသနှင့် လုပ်ငန်း နယ်ပယ်အသီးသီးအတွက် ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်စည်းမျဉ်းစည်းကမ်း (Standards and Regulations) များကိုလည်းကောင်းလိုက်နာရမည်၊

( ခ ) ဗိသုကာပုံစံဒီဇိုင်း၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်သောပုံထုတ်ဒီဇိုင်း၊ ရေသန့်နှင့် လျှပ်စစ်ဒီဇိုင်းများ အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှလည်းကောင်း၊ မြန်မာနိုင်ငံဗိသုကာကောင်စီမှလည်းကောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လက်မှတ်ရပညာရှင် များက ပုံထုတ်ရမည်၊

( ဂ ) ပြည်ပနိုင်ငံများမှ ပုံစံဒီဇိုင်းပညာရှင်များနှင့် ပုံစံဒီဇိုင်းရေးဆွဲခြင်းများ ဆောင်ရွက်ရာတွင် မြန်မာ နိုင်ငံသား မှတ်ပုံတင်ဗိသုကာ/အင်ဂျင်နီယာပညာရှင် တစ်ဦး သို့မဟုတ် အဖွဲ့က ပြည်တွင်းပညာရှင် (National Counterpart) အဖြစ် ပူးတွဲ ဆောင်ရွက်ရမည်။

### စီမံကိန်းလုပ်ငန်းတန်ဖိုးခန့်မှန်းတွက်ချက်ခြင်း

၁၁။ အခြေခံအဆောက်အအုံအတွက် ပုံစံဒီဇိုင်းအရ စီမံကိန်းလုပ်ငန်းတန်ဖိုး ခန့်မှန်းတွက်ချက်ရာတွင်–

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြုစုထားသော လုပ်ငန်းအခြေခံစံနှုန်းများ (Analysis of Rates) စာအုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြဋ္ဌာန်း အတည်ပြုထားသောလုပ်ငန်း အခြေခံစံနှုန်း စာအုပ်များပါ သတ်မှတ်ချက်များနှင့်အညီ လုပ်အားနှင့်ပစ္စည်းပမာဏကို တွက်ချက်ရမည်။ ထို့အပြင် လုပ်ငန်းအခြေခံစံနှုန်းစာအုပ်များတွင် မပါရှိသောလုပ်ငန်းများနှင့် Mix Design ဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ အသေးစိတ်တွက်ချက်စိစစ်မှုဖြင့် ပစ္စည်းပမာဏကို တွက်ချက်ရမည်၊

( ခ ) လုပ်ငန်းတန်ဖိုးကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က အတည်ပြုထားသော ဒေသပေါက်ဈေးနှုန်းစာအုပ်ပါ ဈေးနှုန်းများဖြင့် တွက်ချက်ရမည်။ ဒေသပေါက်ဈေးနှုန်းစာအုပ်တွင် မပါရှိသည့် လုပ်အားခနှင့်ပစ္စည်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက် သီးခြားရှိရမည်၊

( ဂ ) စီမံကိန်းတန်ဖိုးတွက်ချက်ရာတွင် အဓိကလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကိုပါ ထည့်သွင်း တွက်ချက်ရမည်။ နိုင်ငံခြားငွေဖြင့်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများပါဝင်ပါက တန်ဖိုး တွက်ချက်ဖော်ပြရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းထားကို ကာလပေါက်ဈေးဖြင့် တွက်ချက်ရမည်။

၁၂။ ခန့်မှန်းခြေစာရင်းကို တွက်ချက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ ဘာသာရပ်အလိုက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ် လိုင်စင်ရထားသော အင်ဂျင်နီယာက တွက်ချက်မှုပြုရမည်။ လုပ်ငန်းပမာဏကြီးမားသော အခြေခံအဆောက်အအုံများအတွက် လိုအပ်ပါက ပြည်ပနိုင်ငံများမှ အင်ဂျင်နီယာများကလည်း တွက်ချက်နိုင်သည်။ အင်ဂျင်နီယာဌာနရှိသော ဝန်ကြီးဌာန များ၏ လုပ်ငန်းများအတွက် သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာက တွက်ချက်မှုပြုနိုင်သည်။

၁၃။ အဆောက်အအုံလုပ်ငန်းများအတွက် စီမံကိန်းတန်ဖိုး တွက်ချက်ရာတွင် အောက်ပါလုပ်ငန်း ကဏ္ဍများကို လိုအပ်ချက်နှင့်အညီ ခွဲခြား၍တွက်ချက်ဖော်ပြရမည်–

(က) **အဆောက်အအုံတန်ဖိုး**

(၁) မြို့ပြလုပ်ငန်း(Civil Works) –

(ကက) ပုံမှန်အခြေခံအုတ်မြစ် (Isolated Foundation)၊

( ခခ ) ပုံမှန်အကြမ်းထည်လုပ်ငန်း(Normal Skeleton)၊

( ဂဂ ) ပုံမှန်အချောသတ်လုပ်ငန်း(Normal Finishing)၊

(ဃဃ) ငလျင်ဒဏ်ခံအုတ်မြစ်နှင့်အကြမ်းထည်လုပ်ငန်း၊ (Earthquake Resistance Foundation and Skeleton)

(၂) အတွင်းရေသန့်လုပ်ငန်း (Internal Water Supply & Sanitation)၊

(၃) အတွင်းလျှပ်စစ်လုပ်ငန်း (Internal Electrical Works)၊

(၄) ရေဆင်းခုံနှင့် ရေမြောင်း (Apron & Drain)။

( ခ ) **အထူးအချောသတ်လုပ်ငန်း**

(၁) သံပန်းတပ်ဆင်ခြင်း၊

(၂) အထူးဒီဇိုင်းမျက်နှာကြက်တပ်ဆင်ခြင်း၊

(၃) ပါကေး/ဗီနိုင်းခင်းခြင်း၊

(၄) ကြွေပြား/ကျောက်ပြားခင်း/ကပ်ခြင်း၊

(၅) ဓာတ်လှေကားတပ်ဆင်ခြင်း၊

(၆) လေအေးပေးစက်တပ်ဆင်ခြင်း၊

(၇) မီးသတ်စနစ်၊

(၈) CCTV၊

(၉) အသံစနစ်၊

(၁၀) ဆက်သွယ်ရေး၊ Internet ကြိုးများသွယ်တန်းခြင်း၊

(၁၁) အခြားလိုအပ်သော အထူးအချောသတ်လုပ်ငန်း။

( ဂ ) **ဆက်စပ်လုပ်ငန်းများ**

(၁) မြေနေရာပြုပြင်ခြင်း(Earth Works)၊

(၂) ရေမြောင်း(Main Drain)၊

(၃) ရေမြောင်းကူးတံတား (Culvert)၊

(၄) မြေကာနံရံ (Retaining Wall)၊

(၅) ကားရပ်နားရန်နေရာနှင့် ကားလမ်း (Car Parking & Roads)၊

(၆) မြေယာရှုခင်း(Landscape)၊

(၇) ခြံစည်းရိုး(Fence)၊

(၈) ဂိတ်တံခါး၊

(၉) လူသွားလမ်း(Platform)၊

(၁၀) အခြားလိုအပ်သော ဆက်စပ်လုပ်ငန်း။

(ဃ) **ပြင်ပလျှပ်စစ်လုပ်ငန်း**

(၁) ပြင်ပဓာတ်အားလိုင်းဆက်သွယ်မှု၊

(၂) ထရန်စဖော်မာ (Transformer)၊

(၃) အရေးပေါ်မီးစက်(Backup Generator)၊

(၄) လမ်းမီးသွယ်တန်းခြင်း၊

(၅) အခြားလိုအပ်သော ပြင်ပလျှပ်စစ်လုပ်ငန်း။

( င ) **ပြင်ပရေသန့်လုပ်ငန်း**

(၁) ပြင်ပရေပေးရေးဌာနမှရေပိုက်သွယ်တန်းခြင်း၊

(၂) အဝီစိတွင်း၊

(၃) ရေလှောင်ကန်၊

(၄) ရေစင်၊

(၅) ရေဆိုးစွန့်ပစ်ခြင်းလုပ်ငန်း၊

(၆) မိလ္လာသန့်စင်စွန့်ထုတ်ခြင်း(Sewage Treatment Plant)

(၇) အခြားလိုအပ်သော ပြင်ပရေသန့်လုပ်ငန်း။

**ခန့်မှန်းခြေစာရင်းတွက်ချက်ခြင်း**

၁၄။ တည်ဆောက်ရေးလုပ်ငန်းအမျိုးအစားများကို ရေးဆွဲပြီးသည့်ပုံစံဒီဇိုင်းများအရ စီမံကိန်း/လုပ်ငန်း တန်ဖိုး ခန့်မှန်းခြေစာရင်းကို အောက်ပါအတိုင်း တွက်ချက်ဖော်ပြရမည်–

(က) တိုက်ရိုက်ပစ္စည်းစာရင်းနှင့်တန်ဖိုး၊

( ခ ) တိုက်ရိုက်လုပ်အားခကုန်ကျစရိတ်၊

( ဂ ) ပုံစံဒီဇိုင်းရေးဆွဲခ(ရှိလျှင်)၊

(ဃ) သယ်ယူပို့ဆောင်စရိတ်(ရှိလျှင်)၊

( င ) အထွေထွေအသေးအဖွဲ့ကုန်ကျစရိတ်၊

( စ ) မမျှော်မှန်းနိုင်သောကုန်ကျစရိတ်(Contingency)၊

(ဆ) စက်ယန္တရားအသုံးပြုခြင်းကုန်ကျစရိတ်(ရှိလျှင်)၊

( ဇ ) အရည်အသွေးစစ်ဆေးခြင်းကုန်ကျစရိတ်(QC fee)(ရှိလျှင်)၊

( ဈ ) ဆောက်လုပ်ရေးအကြံပေးငှားရမ်းခ (Consultant Fee)(ရှိလျှင်)၊

(ည) တတိယအဖွဲ့အစည်းဖြင့်စစ်ဆေးခြင်းကုန်ကျစရိတ် (Third Party Inspection) (ရှိလျှင်)၊

( ဋ ) လုပ်ငန်းစီမံခန့်ခွဲစရိတ် (Project Management Cost)(ရှိလျှင်)၊

( ဌ ) ကုမ္ပဏီ၏အကျိုးအမြတ်၊

( ဍ ) ကုန်သွယ်ခွန်(Commercial Tax)။

**ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုချက် (Technical Sanction)ချမှတ်ခြင်း**

၁၅။ အောက်ပါအင်ဂျင်နီယာအရာထမ်းများသည် ယင်းတို့ရာထူးနှင့် ယှဉ်တွဲပါလုပ်ငန်း ပမာဏတန်ဖိုး အတိုင်း စီမံကိန်း/လုပ်ငန်းတန်ဖိုးခန့်မှန်းခြေစာရင်း တွက်ချက်မှုနှင့်အတူ တင်ပြချက်အပေါ်ကျွမ်းကျင်မှု ဆိုင်ရာခွင့်ပြုချက်(Technical Sanction)ကိုချမှတ်နိုင်သည်-

| | ရာထူး | (ကျပ်သန်း) |
|---|---|---|
| (က) | အင်ဂျင်နီယာမှူး/လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး/ဒုတိယညွှန်ကြားရေးမှူး | ၁၀၀ အထိ |
| ( ခ ) | အင်ဂျင်နီယာမှူးကြီး/ညွှန်ကြားရေးမှူး | ၂၀၀ အထိ |
| ( ဂ ) | အင်ဂျင်နီယာချုပ်/ဒုတိယအင်ဂျင်နီယာချုပ် | ၃၅၀ အထိ |
| (ဃ) | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူးချုပ် | ၅၀၀ အထိ |
| ( င ) | ဦးဆောင်ညွှန်ကြားရေးမှူး/ညွှန်ကြားရေးမှူးချုပ် | ၅၀၀ အထက် |

(ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့်ချမှတ်ပေးနိုင်ရန် အင်ဂျင်နီယာအရာထမ်းမရှိသော ဝန်ကြီးဌာနများသည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း) သို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီသို့လည်းကောင်း တင်ပြအတည်ပြုချက်ရယူနိုင်သည်။)

## အခန်း(၆)
## အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC Team)

၁၆။ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ရာတွင်-

(က) တည်ဆောက်ရေးလုပ်ငန်း၏ အရည်အသွေးပြည့်မီရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စစ်ဆေးရန် အရည်အသွေးစစ်ဆေးရေးအဖွဲ့ထားရှိရမည်၊

( ခ ) အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို တင်ဒါစနစ် သို့မဟုတ် ဈေးနှုန်းဖိတ်ခေါ် (Quotation) စနစ်ဖြင့် ရွေးချယ်တာဝန်ပေးအပ်နိုင်သည်၊

( ဂ ) အဆိုပါအရည်အသွေးစစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူများသည် ကြီးကြပ်ရမည့် လုပ်ငန်းအမျိုးအစား အလိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသူများဖြစ်ရမည်၊

(ဃ) အရည်အသွေးစစ်ဆေးရေးအဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စစ်ဆေးသူ လက်စွဲများ (Inspector's Manual)၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော Guidelines နှင့် Check Lists များအတိုင်း လိုက်နာစစ်ဆေးရမည်၊

( င ) အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဝန်ဆောင်ခကို တင်ဒါတင်သွင်းစဉ်အခါမှာပင် အချိုးကျ (Pro Rata Basis) ဖြင့် ထည့်သွင်းတွက်ချက်ထားရမည်၊

( စ ) အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ ဝန်ဆောင်ခကို ကန်ထရိုက်တာ၏ တင်ဒါအောင်မြင်သည့်တန်ဖိုးထဲမှ ပေးချေရမည်၊

(ဆ) အရည်အသွေးစစ်ဆေးခြင်း (Quality Control) လုပ်ငန်းတန်ဖိုးများကို စီမံကိန်းတန်ဖိုးအပေါ် မူတည်၍ အောက်ပါအတိုင်းသတ်မှတ်နိုင်သည်-

| | စီမံကိန်းတန်ဖိုး (ကျပ်သန်း) | QC တန်ဖိုး (စီမံကိန်းတန်ဖိုး၏) |
|---|---|---|
| (၁) | (၅၀၀)အထိ | ၂% |
| (၂) | (၅၀၀)အထက်မှ (၁၀၀၀)အထိ | ၂% ~ ၁.၅%(အချိုးဖြင့်လျှော့ချရန်) |
| (၃) | (၁၀၀၀)အထက်မှ (၅၀၀၀)အထိ | ၁.၅% ~ ၁%(အချိုးဖြင့်လျှော့ချရန်) |
| (၄) | (၅၀၀၀) အထက်မှ (၁၀၀၀၀) အထိ | ၁% ~ ၀.၅%(အချိုးဖြင့်လျှော့ချရန်) |
| (၅) | (၁၀၀၀၀) အထက် | လုပ်ငန်းတန်ဖိုးကြီးမားမှုအပေါ်မူတည်၍ ညှိနှိုင်းဆောင်ရွက်ရန်။ |

(ဇ) နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးခြင်း ကိစ္စရပ်များတွင် ချေးငွေစာချုပ်ပါ သတ်မှတ်ချက်နှင့်အညီဖြစ်စေ သက်ဆိုင်ရာ ငွေချေးသည့်အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူထားသည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်(Quality Management System)နှင့်အညီ ဖြစ်စေ ဆောင်ရွက်ရမည်၊

(ဈ) အင်ဂျင်နီယာဝန်ထမ်းရှိသော ဝန်ကြီးဌာနများသည် မိမိတို့လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ဝန်ကြီးဌာန အရည်အသွေး စစ်ဆေးရေးအဖွဲ့ဖြင့် ဆောင်ရွက်နိုင်သည်။ သို့သော် ဝန်ကြီးဌာန အင်ဂျင်နီယာများဖြင့် ဌာနမှ ကိုယ်တိုင်ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါက ရွေးချယ်တာဝန်ပေးအပ်သော အရည်အသွေးစစ်ဆေးရေးအဖွဲ့ဖြင့် အစစ်ဆေးခံရမည်၊

(ည) အရည်အသွေးစစ်ဆေးရေးအဖွဲ့ အင်ဂျင်နီယာဝန်ထမ်းများမရှိသော ဝန်ကြီးဌာနများသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များတွင် မှတ်ပုံတင်ထားသော အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို ငှားရမ်းဆောင်ရွက်ရမည်၊

(ဋ) တည်ဆောက်ရေးလုပ်ငန်းတစ်ခုအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့တည်းသာရှိရမည်ဖြစ်ပြီး ယင်းအဖွဲ့သည် တာဝန်ယူဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းအတွက် တာဝန်ယူမှု/တာဝန်ခံမှု ရှိရမည်။

## အခန်း(၇)

## အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့ ငှားရမ်းဆောင်ရွက်ခြင်း

၁၇။ အကြံပေးအဖွဲ့ကိုအောက်ဖော်ပြပါလုပ်ငန်းများအတွက် ငှားရမ်းဆောင်ရွက်နိုင်သည်-

(က) နည်းပညာမြင့်မားသောစီမံကိန်းလုပ်ငန်းများ၊

(ခ) လုပ်ငန်းသဘောရှုပ်ထွေးကျယ်ပြန့်ခြင်းရှိသော (Complex)လုပ်ငန်းများ၊

(ဂ) နိုင်ငံတော်က ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံရမည့် စီမံကိန်းလုပ်ငန်းများ။

၁၈။ ပြည်တွင်း၊ ပြည်ပဆောက်လုပ်ရေးအကြံပေးအဖွဲ့ ငှားရမ်းရာတွင် စိတ်ဝင်စားမှု အဆိုပြုလွှာဖိတ်ခေါ်ခြင်း (Expression of Interest–EOI)၊ အဆိုပြုလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း (Request for Proposal–RFP)၊ ပဏာမအဆင့်အရည်အချင်းသတ်မှတ်ခြင်း(Prequalification)၊ ဆန်ခါတင် ရွေးချယ်ခြင်း (Initial Shortlisting) နှင့် တင်ဒါအဆိုပြုလွှာတောင်းခံခြင်း (Invitation for Bid) စသည့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည်။

၁၉။ အထူးပြုဘာသာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအတွက် အကြံပေးဝန်ဆောင်မှုပညာရှင် တစ်ဦးတစ်ယောက်၏ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကိုသာလိုအပ်သည့်ကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အကြံပေးပညာရှင်အဖြစ် ငှားရမ်းတာဝန်ပေးအပ်နိုင်သည်။

၂၀။ အကြံပေးအဖွဲ့ငှားရမ်းခြင်းအတွက် နှစ်ဦးသဘောတူစာချုပ်တွင်ပါသည့် စီမံကိန်းကာလထက်ကျော်လွန်ပါက စီမံကိန်းပြီးဆုံးသည်အထိ ကျော်လွန်သည့်ကာလအတွက် ဆောင်ရွက်ပေးရမည့် ကုန်ကျစရိတ်ကို ညှိနှိုင်းဆောင်ရွက်ရမည်။

၂၁။ ပြည်တွင်းအကြံပေးအဖွဲ့ သို့မဟုတ် အကြံပေးပညာရှင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိရမည်။ အထူးပြုဘာသာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအတွက်ဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ထောက်ခံချက်ရှိရမည်။

၂၂။ ပြည်ပနိုင်ငံများမှ အကြံပေးအဖွဲ့ သို့မဟုတ် အကြံပေးပညာရှင်သို့လည်း တင်ဒါ ခေါ်ယူဆောင်ရွက်နိုင်သည်။ ယင်းသို့ပြည်ပနိုင်ငံများမှ အကြံပေးအဖွဲ့ကို ငှားရမ်းဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာလွှဲပြောင်းရယူနိုင်ရေးအလို့ငှာ ပြည်တွင်းအကြံပေးအဖွဲ့ကိုလည်း ပူးတွဲဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၃။ ဆောက်လုပ်ရေးအကြံပေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အစိုးရဌာနများသို့လည်း လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်သည်။

**ဆောက်လုပ်ရေးအကြံပေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၂၄။ ဆောက်လုပ်ရေးအကြံပေးအဖွဲ့သည် အောက်ဖော်ပြပါတို့ကို လိုအပ်ချက်နှင့်အညီ ကြီးကြပ်တာဝန်ယူဆောင်ရွက်ပေးရမည်-

(က) **စီမံကိန်းကြိုတင်ပြင်ဆင်ပေးခြင်း(Project Preparation)**၊ အပ်နှံသည့် လုပ်ငန်းနှင့်သက်ဆိုင်သည့် အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(၁) ဖြစ်နိုင်စွမ်းလေ့လာမှုဆောင်ရွက်ခြင်း (Feasibility Study)၊

(၂) အသေးစိတ်ပုံစံဒီဇိုင်းများထုတ်ခြင်း (Detailed Drawing)၊

(၃) ခန့်မှန်းခြေစာရင်းတွက်ချက်ခြင်း (Detailed Estimate)။

(ခ) **တင်ဒါရွေးချယ်ရာတွင် ကူညီဆောင်ရွက်ပေးခြင်း (Project Delivery Selection)**၊ တင်ဒါအောင်မြင်သူရွေးချယ်ရာတွင် လိုအပ်သောအောက်ပါအချက်များကို ပြင်ဆင်ဆောင်ရွက်ပေးရမည်-

(၁) တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်သောစာရွက်စာတမ်းများ (Tender Documents)၊

(၂) ကန်ထရိုက်စာချုပ်ချုပ်ဆိုရာတွင် လိုအပ်သော အထွေထွေနှင့် အသေးစိတ် အချက်အလက်များ (ပုံစံဒီဇိုင်း၊ နှစ်ဦးနှစ်ဖက်တာဝန်နှင့်လုပ်ပိုင်ခွင့်များအပါအဝင်)(General Condition of Contract)၊

(၃) အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းအတွက် ထပ်တိုး (Additional) ချုပ်ဆိုရမည့်အသေးစိတ်အချက်အလက်များနှင့် အထူးအခြေအနေရှိခဲ့လျှင် နှစ်ဦးနှစ်ဖက်လိုက်နာရမည့်အချက်အလက်များ (Special Condition of Contract)၊

(၄) အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းအတွက် တစ်စိတ်တစ်ပိုင်း ချုပ်ဆိုရမည့်အသေးစိတ်အချက်အလက်များနှင့် နှစ်ဦးနှစ်ဖက် လိုက်နာရမည့် အချက်အလက်များ (Partial Condition of Contract)၊

(၅) တင်ဒါစိစစ်အကဲဖြတ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း (Preparation for Tender Evaluation)။

(ဂ) **ကန်ထရိုက်လုပ်ငန်းများကြီးကြပ်ပေးခြင်း (Contract Administration)**၊ လုပ်ငန်း စီမံကိန်းကာလတစ်လျှောက် အောက်ပါလုပ်ငန်းစဉ်များကို ကြီးကြပ်ပေးရမည်-

(၁) လုပ်ငန်းအကောင်အထည်ဖော်မှုစီမံချက်(Construction Implementation Plan)၊

(၂) ဆောက်လုပ်မှုကုန်ကျစရိတ်နှင့်ငွေကြေးဆိုင်ရာစီမံချက်(Construction Cost and Financial Plan)၊

(၃) နှစ်အလိုက် လုပ်ငန်းစီမံချက် (Annual Construction Plan)၊

(၄) အဆောက်အအုံပြုစက်ယန္တရားနှင့် အသုံးအဆောင်များ ထိန်းသိမ်းရေးစီမံချက် (Facility Maintenance Plan)၊

(၅) စီမံကိန်းလုပ်ငန်းအရည်အသွေးစီမံခန့်ခွဲမှု(Project Quality Management)၊

(၆) စီမံကိန်းလုပ်ငန်းအတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း (Project Human Resources Management)၊

(၇) စီမံကိန်းလုပ်ငန်းအတွက် ဆုံးရှုံးနိုင်ခြေများစီမံခန့်ခွဲမှု (Project Risk Management)၊

(၈) စီမံကိန်းလုပ်ငန်းတစ်ခုလုံး စုစည်းပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဆက်နွှယ်နေသူအားလုံးနှင့် ညှိနှိုင်းစီမံခန့်ခွဲခြင်း (Project Integration, Coordination and Stake Holder Management)၊

(၉) ငွေပေးချေရေးအတွက် လုပ်ငန်းပြီးစီးမှုအလိုက် စိစစ်ထောက်ခံပေးခြင်း (Disbursement of Contract)၊

(၁၀) စီမံကိန်းလုပ်ငန်းပြီးစီးမှုနောက်ပိုင်း စီမံခန့်ခွဲခြင်း (As built drawing ရေးဆွဲခြင်းအပါအဝင်)၊

(၁၁) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးစီမံချက်(Safety Management Plan)။

၂၅။ ဆောက်လုပ်ရေးအကြံပေးပညာရှင် သို့မဟုတ် ပညာရှင်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဆောက်လုပ်မှုလုပ်ငန်း စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်များ (Construction Management Guidelines)၊ စီမံကိန်းလုပ်ငန်းပိုင်ရှင်နှင့် ဆောက်လုပ်ရေးအကြံပေးအင်ဂျင်နီယာများအတွက် ဆောက်လုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးလက်စွဲ (Myanmar Construction Management Manual for Owner & Construction Manager) တို့ကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၈)

## တတိယအဖွဲ့အစည်း (Third Party) ဖြင့်စစ်ဆေးခြင်း

၂၆။ ၁၂ ထပ်နှင့်အထက် အဆောက်အအုံများ၊ လူ ၅၀၀ နှင့်အထက် အသုံးပြုသည့် အများပြည်သူသုံး အဆောက်အအုံများ၊ နိုင်ငံတကာဖိတ်ခေါ်တင်ဒါလုပ်ငန်းများ၊ ကျပ် ၁၀ ဘီလီယံနှင့်အထက် စီမံကိန်း (လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်ရုံနှင့် လျှပ်စစ်ဓာတ်အားလိုင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ဆိပ်ကမ်း၊ ဆည်မြောင်း၊ လေယာဉ်ကွင်း၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းနှင့် မြစ်ကြမ်းပြင်တွင် ဆောင်ရွက်သည့် လုပ်ငန်းများစသည့်) လုပ်ငန်းများအတွက် တတိယအဖွဲ့အစည်း (Third Party) ဖြင့် စစ်ဆေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရမည်။

၂၇။ တတိယအဖွဲ့အစည်းသည် ရေးဆွဲထားသည့်ဒီဇိုင်းပုံစံများ၊ အသုံးပြုမည့် စံချိန်စံညွှန်းများနှင့် Analysis of Structural Design များကို စစ်ဆေးအတည်ပြုပေးခြင်း၊ တည်ဆောက်စဉ် စီမံကိန်းလုပ်ငန်း ပမာဏအလိုက်ထားရှိသော လုပ်ငန်းခွင်စစ်ဆေးရေး အင်ဂျင်နီယာများက အဓိကလုပ်ငန်း (Main Structure) များကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊ တည်ဆောက်ပြီးစီးသည့်အခါ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးတို့အတွက် စစ်ဆေးအတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၈။ ပုံစံဒီဇိုင်းများကိုစစ်ဆေးနိုင်သည့် ဗိသုကာနှင့်သက်ဆိုင်ရာဘာသာရပ်အလိုက် စစ်ဆေးရေး အင်ဂျင်နီယာပညာရှင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အသိအမှတ်ပြု စစ်ဆေးရေးလက်မှတ် (Accredited Checker Certificate) ရရှိသူများ ဖြစ်ရမည်။ အထူးပြုဘာသာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များ အတွက် ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်ရှိရမည်။

၂၉။ တတိယအဖွဲ့အစည်းဖြင့် စစ်ဆေးမည့်အစီအစဉ်တွင်ပါဝင်သည့် စစ်ဆေးသူပညာရှင်များသည် ပုံစံဒီဇိုင်းရေးဆွဲသူများ၊ စီမံကိန်းပိုင်ရှင်များ၊ သက်ဆိုင်ရာအခြေခံအဆောက်အအုံအာဏာပိုင်ဦးစီးဌာနများ တည်ဆောက်သူကန်ထရိုက်တာများနှင့် အမှီအခိုကင်းမှု၊ လွတ်လပ်မှု (Independent) ရှိရမည်ဖြစ်ပြီး အကျိုး စီးပွားဆက်နွှယ်မှု (Conflict of Interest) မရှိစေရ။

၃၀။ တတိယအဖွဲ့အစည်း (Third Party) ဖြင့် စစ်ဆေးခြင်းအတွက် တင်ဒါစနစ်ဖြင့် ရွေးချယ်၍ သို့မဟုတ် လုပ်ငန်းနှင့်သင့်လျော်သောအဖွဲ့များသို့ ဈေးနှုန်းဖိတ်ခေါ်တင်သွင်းစေပြီး ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

၃၁။ လုပ်ငန်းအပ်နှံသည့်ဌာနက စစ်ဆေးရမည့်လုပ်ငန်းပမာဏအပေါ်မူတည်၍ အခကြေးငွေနှင့် ကုန်ကျစရိတ်ကို သတ်မှတ်ပေးချေရမည်ဖြစ်ပြီး Third Party က တောင်းခံသည့် နှစ်ဦးနှစ်ဖက် သတ်မှတ် အတည်ပြုထားသော ကုန်ကျစရိတ်ကိုသာ ကျခံရမည်။ အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ရည်ရွယ် ဆောင်ရွက်ခြင်းမဖြစ်စေရ။

၃၂။ တတိယအဖွဲ့အစည်းဖြင့် စစ်ဆေးခြင်းအစီအစဉ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန် ထားသည့် တတိယအဖွဲ့အစည်းဖြင့် စစ်ဆေးခြင်းအစီအစဉ်လမ်းညွှန်ကို လိုက်နာဆောင်ရွက်ရမည်။

၃၃။ Third Party သည် လုပ်ငန်းအပ်နှံသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းက အပ်နှံသောလုပ်ငန်းနှင့် စပ်လျဉ်း၍ ဒီဇိုင်းပုံစံ၊ အရည်သွေးနှင့် အကောင်အထည်ဖော်မှုတို့ကို တာဝန်ခံဆောင်ရွက်ရမည်။

## အခန်း (၉)
## ကော်မတီများဖွဲ့စည်းခြင်း

၃၄။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများသည် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(က) တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီ၊

( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊

( ဂ ) အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ။

### တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်များ

၃၅။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | တည်ဆောက်မည့်ဌာန၊ အဖွဲ့အစည်း၏ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| ( ခ ) | တည်ဆောက်မည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ဌာနအကြီးအကဲများ | အဖွဲ့ဝင် |
| ( ဂ ) | ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (ညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သော) ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | တည်ဆောက်မည့်ဌာနအဖွဲ့အစည်းမှ ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| ( င ) | တည်ဆောက်မည့်ဌာန၊ အဖွဲ့အစည်း၏ အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) | အတွင်းရေးမှူး |

( စ ) လုပ်ငန်းသဘာဝအရ လိုအပ်ပါက အောက်ပါဆက်စပ်ဌာနများမှ (ညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သော) ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (ထွေ/အုပ်)၊

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊

(၃) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(၅) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊

(၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

(၇) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊

(၈) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊

(၉) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

(၁၀) စည်ပင်သာယာရေးကော်မတီ။

၃၆။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတည်ဆောက်ရေး တင်ဒါဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သောဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး၊ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| (ဂ) | ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (ညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သော) ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | တည်ဆောက်မည့်ဌာနအဖွဲ့အစည်း၏ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

(င) လုပ်ငန်းသဘာဝအရ လိုအပ်ပါက အောက်ပါဆက်စပ်ဌာနများမှ (ဒုတိယညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော) ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (ထွေ/အုပ်)၊

(၂) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(၄) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊

(၅) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

(၆) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊

(၇) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊

(၈) စည်ပင်သာယာရေးအဖွဲ့။

| | | |
|---|---|---|
| (စ) | တင်ဒါခေါ်ယူသည့်ဦးစီးဌာနနှင့်သက်ဆိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး | အတွင်းရေးမှူး |

၃၇။ တင်ဒါဗဟိုကော်မတီရုံးလုပ်ငန်းများကို တည်ဆောက်ရေးလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် သို့မဟုတ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ရှိ ဦးစီးဌာန သို့မဟုတ် ဦးစီးရုံးက တာဝန်ယူဆောင်ရွက်ပေးရမည် သို့မဟုတ် ဆောင်ရွက်မည့် လုပ်ငန်းရပ် တစ်ခုချင်း အလိုက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် သို့မဟုတ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင် ကျွမ်းကျင်သူများပါဝင်သော ဝယ်ယူသည့်ဌာနအဖွဲ့အစည်း (Procurement Unit) ကို ဖွဲ့စည်း၍တာဝန်ပေးနိုင်သည်။

၃၈။ တင်ဒါအောင်မြင်သူကို ရွေးချယ်ဆုံးဖြတ်ရာတွင် တင်ဒါဗဟိုကော်မတီသည် သတ်မှတ်ထားသော အရည်အချင်းသတ်မှတ်ချက်နှင့်အညီ ရွေးချယ်ဆုံးဖြတ်ရမည်။ အကယ်၍ အရည်အချင်းသတ်မှတ်ချက်အပေါ် အမှတ်ပေးရာတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအတွင်း သဘောထားကွဲလွဲ၍ အငြင်းပွားမှု ပေါ်ပေါက်ခဲ့ပါက သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

၃၉။ တင်ဒါဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆောင်ရွက်မည့်စီမံကိန်း/လုပ်ငန်း တည်ဆောက်ခြင်းအတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ (သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပါဝင်ခြင်း ရှိ မရှိ စိစစ်ရမည်။)

(ခ) တည်ဆောက်ခြင်းအတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ တင်ဒါအောင်မြင်ပါက ချုပ်ဆိုမည့်စာချုပ်ပုံစံများကို ကြိုတင်ရေးဆွဲသတ်မှတ်ခြင်း၊

(ဂ) တင်ဒါခေါ်ယူသည့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများ သတ်မှတ်ထုတ်ပြန်ရမည်။ စံချိန်စံညွှန်းနှင့် အမှတ်ပေးပုံစံများပြုစုရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အကြံပြုချက်ကို ရယူနိုင်ခြင်း၊

(ဃ) အရည်အသွေးစံချိန်စံညွှန်းအပေါ် အမှတ်ပေးသတ်မှတ်ချက်များဖြင့် တင်ဒါရွေးချယ်ခြင်းကို လျှို့ဝှက် အဆင့်ထားရှိခြင်း၊

(င) တင်ဒါတွင်ပါဝင်မည့် အဆိုပြုစာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (စာချုပ်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(စ) လုပ်ငန်းအပ်နှံသည့်ဌာနထံမှ တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များရယူထားပြီး၊ လုပ်ငန်း အပ်နှံသူ၏ နှစ်စဉ်စီမံကိန်းများ (Annual Plan) တွင် ပါဝင်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) တင်ဒါတင်သွင်းရမည့် နေ့ရက်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် နေ့ရက်၊ နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဇ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" နှင့် "အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေး ကော်မတီ" တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး (Tender Security) ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး (Performance Guarantee) တောင်းခံခြင်း၊

(ည) တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာခြင်း၊

(ဋ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စာချုပ်ပါသတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်း (Default or Delay) ဖြစ်ပေါ်ပါက စာချုပ်ပါစည်းကမ်းချက် များနှင့်အညီ အရေးယူခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း (Renegotiation)၊

(ဌ) တည်ဆောက်ရေးကာလအတွင်း အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီက တင်ပြလာသည့်အစီရင်ခံစာများကို စိစစ်ပြီး လိုအပ်ချက်များကို ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်း၊

(ဍ) စီမံကိန်းလုပ်ငန်းတစ်ခုလုံး သတ်မှတ်ကာလအတွင်း ပြီးမြောက်ရေးအတွက် တာဝန်ယူခြင်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်<br>(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

ဂလိုဘတ်(စ်)ကာပိုလီကယ်မီကယ်(လ်) အင်ဒတ်စ်ထရီကုမ္ပဏီလီမိတက်

**(GLOBUS CARPOLY CHEMICAL INDUSTRY COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ–၃၄၈ အရ

အစုရှယ်ယာရှင်ဒါရိုက်တာအဖွဲ့ဝင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ **ဂလိုဘတ်(စ်)ကာပိုလီကယ်မီကယ်(လ်) အင်ဒတ်စ်ထရီကုမ္ပဏီလီမိတက် (GLOBUS CARPOLY CHEMICAL INDUSTRY COMPANY LIMITED)** အား အစုရှယ်ယာရှင်ဒါရိုက်တာအဖွဲ့ဝင်များ၏ ဆန္ဒအရ အလိုအလျောက်တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုမ္ပဏီ၌ (၉–၂–၂၀၂၁) နေ့ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအထူးအစည်းအဝေးကပင် **ဒေါ်သဥ္ဇာဝင်း (တရားလွှတ်တော်ရှေ့နေ စဉ်–၁၃၀၅၈)** အား ကုမ္ပဏီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များအား **(၃၁–၃–၂၀၂၁)** နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြတောင်းခံလာသည့်ကြွေးမြီကိစ္စများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာ လိုက်ပါသည်။


ဦးစိုင်းယုဝေ
အုပ်ချုပ်မှုဒါရိုက်တာ

ဒေါ်သဥ္ဇာဝင်း
LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၅၈)
တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်–၃၅၊ ၃–လွှာ (ယာ)၊ ၃၅–လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၃၀ ၂၃၁၆၂

**ရွက်စိမ်းမြေ ဇီဝနည်းပညာ ကုမ္ပဏီလီမိတက်**
**(Green Ground Garden Bio Technology Co., Ltd)**
ဖျက်သိမ်းရန် ကြေညာချက်

၁။ **ရွက်စိမ်းမြေ ဇီဝနည်းပညာ ကုမ္ပဏီလီမိတက် (Green Ground Garden Bio Technology Co., Ltd)** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၄-၂-၂၀၂၁) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၃-၃-၂၀၂၁) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးလီကျားချန် (ခ) ရဲနိုင်
အုပ်ချုပ်မှုဒါရိုက်တာ
ရွက်စိမ်းမြေ ဇီဝနည်းပညာ ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၁၃/၃၂၃) အခန်း-၈/စီ၊ (၇) လွှာ၊ Sea Green Tower
မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ယူနိုက်တက် စလူးရှင်း ကုမ္ပဏီလီမိတက်**
**(United Solution Co., Ltd)**
ဖျက်သိမ်းရန် ကြေညာချက်

၁။ **ယူနိုက်တက် စလူးရှင်း ကုမ္ပဏီလီမိတက် (United Solution Co., Ltd)** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၄-၂-၂၀၂၁) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၃-၃-၂၀၂၁) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးဇော်မင်းထွန်း
အုပ်ချုပ်မှုဒါရိုက်တာ
ယူနိုက်တက် စလူးရှင်း ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၁၃/၃၂၃) အခန်း-၈/စီ၊ (၇) လွှာ၊ Sea Green Tower
မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အမ်ဝိုင် အီးဗန့်စ် ကုမ္ပဏီလီမိတက်**
**(MY Events Company Limited)**
ဖျက်သိမ်းရန် ကြေညာချက်

၁။ **အမ်ဝိုင် အီးဗန့်စ် ကုမ္ပဏီလီမိတက် (MY Events Company Limited)** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၄-၂-၂၀၂၁) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသား စိစစ်ရေးအမှတ်-၅/ရဥန (နိုင်) ဝ၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၃-၃-၂၀၂၁) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Mr. Nguyen Ba Vinh
အုပ်ချုပ်မှုဒါရိုက်တာ
အမ်ဝိုင် အီးဗန့်စ် ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၁၃/၃၂၃) အခန်း-၈/စီ၊ (၇) လွှာ၊ Sea Green Tower
မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

Notice Under Section 357 Myanmar Companies Act
**NEW KMC APPAREL COMPANY LIMITED**
(Members Voluntary Winding-up)
Invitation to Final Meeting

A final meeting of **NEW KMC APPAREL COMPANY LIMITED** will be held on (26-3-2021) No.84, Than Chat Wun U Nyunt Street, Shwe Pyi Thar Industrial Zone (2), Shwe Pyi Thar Township, Yangon Region, Myanmar-

- Liquidator’s report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
B. Com, CPA
Liquidator

Maha Yarzar Development Company Limited
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

Maha Yarzar Development Company Limited နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် (၃၉) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
B.Com, CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Thel Myo Su (T.M.S) & Companies Limited
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

Thel Myo Su (T.M.S) & Companies Limited နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် (၃၉) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
B.Com, CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၃၀/ ၂၆-၂-၂၀၂၁။